# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ (၁၀-၆-၂၀၂၆)
# မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးခင်မောင်သန်း၊ ကလေးမဲဆန္ဒနယ်က** ကလေးမြို့နယ် (ပြင်သာ) ဆိပ်ကမ်းမှ အင်းကျော်ရွာသို့ ဆက်သွယ်သည့် မြစ်သာမြစ်ကူးတံတား တည်ဆောက်ပေးရန် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ထိုမာ-ပေါက်တော မြစ်သာမြစ်ကူး တံတား တစ်စင်း တည်ဆောက်လျက်ရှိပြီး ၉၃ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ပါသဖြင့် ပြီးစီး အောင်တည်ဆောက် သွားပါမည်။ ဒေသဖွံ့ဖြိုးတိုးတက်လာသည့် အပေါ်မူတည်ပြီး (ပြင်သာ)ဆိပ်ကမ်း မြစ်သာမြစ်ကူး တံတားအား ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ဖြေကြားပါသည်။ |
| ၂။ | **စိုင်းကျော်လှ၊ ကွန်ဟိန်းမဲဆန္ဒနယ်က** ကွန်ဟိန်းမြို့မှ ကာလိမြို့သို့ ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီးအား ၂၃ ပေ အကျယ် ချဲ့ပြီး နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင်မြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ကွန်ဟိန်းမြို့မှ ကာလိမြို့အထိ ၈ မိုင် ၅ ဖာလုံ အား လိုက်လျောညီထွေဖြစ်စေမည့် လမ်းအကျယ်ရရှိရန် စီမံချက်ရေးဆွဲထား ပါကြောင်းနှင့် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေ ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မဲဆန္ဒနယ်က** ကျိုင်းတုံ- မိုင်းခတ်လမ်း အပိုင်း၌ အန္တရာယ်ရှိနိုင်သည့် နေရာများတွင် ၁၈ ပေ အကျယ်ချဲ့ပြီး ကတ္တရာခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ယခုဘဏ္ဍာနှစ်တွင် မြေတောင်ချဲ့၍ အမာခံ လမ်းပခုံးပြုပြင်ခြင်းဆောင်ရွက်ပြီး ၁၈ ပေ အကျယ် ကတ္တရာခင်း၍ အဆင့်မြှင့် တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိပါက ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၄။ | **ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်က** သပြေချောင်းကျေးရွာမှ ရွှေမြို့ကျေးရွာသို့ ဆက်သွယ်သည့် ဆင်သေချောင်းကူးတံတားအား ရေတို၊ ရေရှည် အစီအမံများချမှတ်၍ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **နေပြည်တော်ကောင်စီက** ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းတွင် တင်ပြတောင်းခံသွားမည် ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိပါက လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၅။ | **ဦးဝင်းမြင့်၊ တွံတေးမဲဆန္ဒနယ်က** တွံတေးမြို့နယ် စည်ပင်ဈေးကြီးအား ခရိုင်အဆင့်မြင့် ဈေးကြီးတစ်ခုအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **နေပြည်တော်ကောင်စီက** လာမည့်ဘဏ္ဍာနှစ်များတွင် ဒေသန္တရစီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီး လုပ်ငန်းလျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်က** ထန်းတပင်မှ လှိုင်သာယာသွားလမ်းမကြီး အနောက်ဘက်ရှိ အလျား (၅၅၀) ပေရှိ ကွန်ကရစ် ရေနုတ်မြောင်းအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **နေပြည်တော်ကောင်စီက** ၂၀၂၇- ၂၀၂၈ ဘဏ္ဍာနှစ်တွင် ဒေသန္တရစီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီး လုပ်ငန်းလျာထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |